# ဥပဒေအရနှင်ထုတ်ခြင်း တရားဝင် ကြေညာချက်

**Eviction Declaration**

COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ရောဂါထိန်းချုပ်ရေးစင်တာမှ ဥပဒေအရ နှင်ထုတ်ခြင်း (နေထိုင်ရာအိမ်မှ လူများကိုဖယ်ရှားခြင်း) အား အချို့သူများအတွက် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဆိုင်းငံ့ထားသည်။ အဆိုပါကြေညာချက် သည် လူများအား ၎င်းတို့သည် သတ်မှတ်စံနှုန်းနှင့် ကိုက်ညီကြောင်း သေချာစေရန် လျှောက်လွှာ (form)ကို ဖြည့်စွက်စေခြင်းဖြစ်သည်။ ဤနေရာ၌ ရိုးသားရန် အရေးကြီးသည်။ လိမ်ညာခြင်း၊ အရေးကြီးသော သတင်းအချက်အလက်များကို ထိမ်ချန်ခြင်း (သို့) မှားယွင်းသော ထွက်ဆိုချက်တစ်ခုပြုလုပ်ခြင်းသည် အလွန် စိုးရိမ်စရာဖြစ်သည်။ အကယ်၍ လိမ်ညာပြောဆိုပါက ပြစ်ဒဏ်ပေးခြင်းခံရနိုင်သည်။ တစ်ခါတစ်ရံ လိမ်ညာပြောဆိုခြင်းကြောင့် ထောင်ကျသည်အထိဖြစ်နိုင်ပါသည်။

ဤလျှောက်လွှာ (form) သည် တိုက်ခန်းများနှင့်အိမ်များအား ငှားရမ်းသူများအတွက်သာဖြစ်ပြီး၊ အိမ်များကို'စာချုပ်'ဖြင့် ဝယ်သောသူများအတွက်လည်း ဖြစ်နိုင်သည်။ (ဆိုလိုသည်မှာ ဘဏ်ပါဝင်ပတ်သက်ခြင်းမရှိဘဲ ရောင်းချသူထံမှ တိုက်ရိုက်ဝယ်ယူခြင်းဖြစ်သည်။) ဤပုံစံမိတ္တူကို သင်၏အိမ်ရှင် (သို့) သင်၏အိမ်ငှားခကို လက်ခံသည့် ပုဂ္ဂိုလ်ထံ ပေးရန်လိုအပ်သည်။ ငှားရမ်းခြင်း (သို့) ငှားရမ်းခြင်းဆိုင်ရာ သဘောတူညီချက်၌ ဖော်ပြထားသည့် အရွယ်ရောက်ပြီးသူ တစ်ဦးချင်းစီမှ လျှောက်လွှာ (form) ကိုဖြည့်စွက်ပြီး အိမ်ရှင် (သို့) အိမ်ငှားခကို လက်ခံသည့် ပုဂ္ဂိုလ်အား မိတ္တူတစ်စောင်ပေးရမည်။ ဤလျှောက်လွှာ (form) ကိုဖြည့်စွက်ခြင်းအားဖြင့်၊ အိမ်ငှားရမ်းခ အားလုံးကို သင် မပေးချေခြင်းကြောင့် သင်၏အိမ်ရှင်သည် သင်နေထိုင်သည့်နေအိမ်မှ သင့်အား ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ နှင်ထုတ်ခြင်း မပြုနိုင်ပါ။

သင်၏ငှားရမ်းမှုသဘောတူညီချက်ပါ အခြားစည်းမျဉ်းစည်းကမ်းများနှင့် ပိုင်ဆိုင်မှုအတွက်စည်းမျဉ်းများကို သင်လိုက်နာရန်လိုအပ်သည်။ အကယ်၍ သင်သည်၎င်းစည်းမျဉ်းစည်းကမ်းများကိုချိုးဖောက်ပါက သင်ငှားရမ်းထားသော တိုက်ခန်း (သို့) အိမ်မှနှင်ထုတ်ခြင်း ခံရနိုင်သည်။ ဤအချိန်အတောအတွင်း အိမ်ငှားခ (သို့) အိမ်အတွက် ငွေပေးချေခြင်းနှင့် ဥပဒေအရအခကြေးငွေပေးဆောင်ရန်အတွက် သင်၌တာဝန်ရှိသည်။

အောက်ပါ <u>**အချက်များအားလုံး**</u>သည် မှန်ကန်ကြောင်း သင်သဘောတူသည်ဟု ဤလျှောက်လွှာ (form)မှ ညွှန်ပြသည်။

၁။ ငှားရမ်းခပေးချေနိုင်ရန်အတွက် အစိုးရထံမှရရှိနိုင်သည့် အကူအညီများအားလုံးကို ရရန် သင်ကြိုးစားခဲ့သည်။ (ဆိုလိုသည်မှာ သင်သည်အိမ်ငှားရမ်းခြင်းအတွက်အကူအညီ၊ အစိုးရအိမ်ရာအကျိုးခံစားခွင့် (သို့) အခြားအစီအစဉ်များတွင် လျှောက်ထားခဲ့ပြီး ဖြစ်သည်။)

၂။ အောက်ပါဖော်ပြချက် (၃) ခု အနက် (၁) ခု မှာ မှန်ကန်သည်-

 က။ ၂၀၂၀ ခုနှစ်အတွင်း ဒေါ်လာ ၉၉၀၀၀ ကျော် ဝင်ငွေရရန်မမျှော်လင့်ပါ (၂၀၂၀ခုနှစ် ဇန်နဝါရီလ မှ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ) (သို့) သင်အိမ်ထောင်ရှိသူဖြစ်ပါက ဒေါ်လာ ၁၉၈၀၀၀ ကျော် ဝင်ငွေရရန်မမျှော်လင့်ပါ။

ခ။ ၂၀၁၉ ခုနှစ် အတွက် ဝင်ငွေခွန် ရှင်းတမ်းကို လျှောက်တင်ရန်မလိုပါ၊ (သို့)

ဂ။ ၂၀၂၀ ခုနှစ်၌ စီးပွားရေးဆိုင်ရာသက်ရောက်မှုအတွက်ပေးငွေ (EIP) (stimulus check) ကိုသင်ရရှိခဲ့သည်။

၃။ အောက်ဖော်ပြပါများထဲမှ အချက်တစ်ခုကြောင့် သင်၏အိမ်ငှားခကို အပြည့်အဝ မပေးချေနိုင်ပါ-

သင်၏ဝင်ငွေသည် များစွာကျဆင်းလာသည်။ ဥပမာအားဖြင့် သင်သည်အလုပ်ချိန်များစွာ မလုပ်ရသောကြောင့် (သို့) ယခုသင်၏လစာမှာ လျော့နည်းလာခြင်း၊ (သို့) သင်သည် အလုပ်လက်မဲ့ဖြစ်ခြင်း (သို့) အခြားအများပြည်သူအကျိုးခံစားခွင့်များဆုံးရှုံးခြင်းစသည်တို့ကြောင့်ဖြစ်သည်။

က။ သင်သည် အလုပ်မှ ခေတ္တရပ်နားခံရခြင်း (laid off) (သို့)

ခ။ သင်၌အာမခံ (insurance)ငွေဖြင့် မလုံလောက်သည့် မြင့်မားသောဆေးကုသမှုဆိုင်ရာ ကုန်ကျစရိတ်များရှိသည်။ (ဆေးကုသမှုကုန်ကျစရိတ်သည် သင့်ဝင်ငွေ၏ ၇.၅% ထက်ပိုသောအခါ "မြင့်မားသည်" ဟု မှတ်ယူသည်။ )

၄။ သင်သည် ငှားရမ်းခကုန်ကျစရိတ်ကို တတ်နိုင်သမျှအချိန်မီ ပေးချေနိုင်ရန်ကြိုးစားနေသည်။

၅။ အကယ်၍ သင်သည် ငှားရမ်းနေထိုင်ရာအိမ်မှဖယ်ရှားခံရလျှင် အိုးမဲ့အိမ်မဲ့ဖြစ်လာနိုင်သည်။

က။ အိုးမဲ့အိမ်မဲ့ ဒုက္ခရောက်သူတို့ခိုနားရာကုသိုလ်ဖြစ်ရိပ်သာသို့ ပြောင်းရွှေ့ရန်လိုအပ်မည်၊ (သို့)

ခ။ လူဦးရေထူထပ်သည့် နေထိုင်ရမည့်နေရာအသစ်ဆီသို့ ပြောင်းရွှေ့ရန်လိုအပ်မည်။

၆။ သတင်းအချက်အလက်များကိုလိမ်ညာခြင်း (သို့) ထိမ်ချန်ထားခြင်းသည် ဥပဒေနှင့်မညီသည်ကို သင်သိသည်။ အကယ်၍ သင်သည် ဤပုံစံနှင့်ပါတ်သက်သည့်သတင်းအချက်အလက်များကို ဖြည့်စွက်ရာ၌ လိမ်ညာခြင်း (သို့) ထိမ်ချန်ထားခြင်းရှိပါက သင်သည် ဒဏ်ငွေပေးဆောင်ရမည် (သို့) ထောင်ကျနိုင်သည်။

________________________________________ ______________

ကြေညာချက်ထုတ်ပြန်သူ၏လက်မှတ်